ISP နှင့်အတူ မိနစ် ၃၀

# 30 MINUTES with the ISP

ISP ကပြင်ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေ ပါဝင်ဆွေးနွေးခွင့်ရှိမယ့် **'ISP နှင့်အတူ မိနစ် ၃၀'** အစီအစဉ် စတင်ပါတော့မယ်။ စစ်အာဏာသိမ်းပြီး သုံးနှစ်အထိ မြန်မာ့အရေးမှာ လောလောဆယ်ဖြေရှင်းရမယ့် အရေးပေါ်ကိစ္စ (emergency) နဲ့ မတရားမှုတွေကို တွန်းလှန်ရာမှာ ကျောချင်းကပ် သွေးစည်းညီညွတ်ကြောင်းပြရမယ့်ကိစ္စ (solidarity) နှစ်ရပ်သာ သဘာဝကျစွာ အဓိကအာရုံစိုက်စရာတွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ပိုင်းခြားစိတ်ဖြာသုံးသပ်မှုနဲ့ ဆွေးနွေးဆင်ခြင်ခြင်း၊ အမြင်ဖလှယ်ခြင်း 'သန္နိပါတ' (analysis and deliberation) က ကိစ္စညာဏ် အားနည်းခဲ့ပါတယ်။ စစ်ကောင်စီရဲ့ ဖိနှိပ်မှုအောက်မှာ ပျောက်ဆုံးခဲ့ရတဲ့ လွတ်လပ်စွာဖော်ထုတ်ခွင့်နဲ့ တိုင်းပြည်ရဲ့ ပဋိပက္ခမီး၊ ဝမ်းတထွာအရေး၊ ကပ်ဘေးတွေကြောင့် ပြည်တွင်းက မြန်မာနိုင်ငံသားတွေအတွက် ပိုင်းခြားဆင်ခြင်ဖို့ အချက်အလက်ရရှိမှုနဲ့ အလေ့အထလုပ်ရမယ်ဆိုတဲ့ ဒီကိစ္စညာဏ်ဟာ အခွင့်အလမ်း နည်းပါးခဲ့ရပါတယ်။ အခြားတဖက်မှာလည်း အမြင်မတူတာနဲ့ 'ရန်သူ့လူ'တံဆိပ် တန်းကပ်တဲ့ဓလေ့၊ ဝိုင်းပြီး ဆွမ်းကြီးလောင်း ကန့်သတ်ဖယ်ထုတ်တဲ့ဓလေ့ (cancel culture) တွေကြောင့် လွတ်လပ်တဲ့အမြင် အယူအဆရှိသူတွေဟာ ကိုယ့်ကိုယ်ကိုယ် ဆင်ဆာလုပ်လာကြပါတယ်။ ကိုယ့်အလို၊ ကိုယ့်အပြော၊ ကိုယ့်အလုပ်တွေကို ဖုံးကွယ်ရုပ်ဖျက်တာ (preference falsification) က ကျင့်ထုံးတခုလိုဖြစ်လာပြီး နိုင်ငံရေးမှာ မပြောရမဆိုရ (taboo) တွေ ပိုတိုးလာပါတယ်။

ဖိနှိပ်မှု၊ ဆင်းရဲခေါင်းပါးမှုနဲ့ အမြင်အယူအဆကို အရင်းခံအတိုင်း ထုတ်ဖော်မပြောဝံ့မှုတွေကြောင့် မတူကွဲလွဲတဲ့အမြင်တွေ ရှင်သန်ခွင့် အားနည်းခဲ့ပါတယ်။ အယူအဆတခုကို အမှန်၊ အမှား စောကြောသုံးသပ်ပြီး အပြန်အလှန် ဆွေးနွေးငြင်းခုံမှုတွေ အားနည်းလာကြပါတယ်။ အနာနဲ့ဆေး တည့်၊ မတည့် စမ်းသပ်ဆန်းစစ်ခွင့် နည်းပါးလာပါတယ်။ သိမှုကတုတ်ကျင်းတူးပြီး မရွှေ့မပြောင်း အုတ်မြစ်ချထားတာမျိုးအပြင် အွန်လိုင်းစကားဝိုင်းအများစုဟာလည်း အမြင်တူသူတွေစုဖွဲ့ပြီး နာရီနဲ့ချီ အချိန်အကြာကြီးပြောကြတဲ့ ပုံစံစတိုင်တွေ ပိုများလာတာ၊ နားထောင်သူတွေမှာ အချက်အလက်သစ်၊ အတွေးသစ်မတိုးဘဲ ငြီးငွေ့စရာဖြစ်လာပါတယ်။ တိုင်းပြည်မှာ 'သန္နိပါတ' လိုအပ်နေပေမဲ့ ပရိသတ်နည်းသွားလို့ ဆွေးနွေးပွဲတွေနည်းလာတာ သတိပြုမိပါတယ်။

ဒီအခြေအနေတွေကနေ ဖောက်ထွက်နိုင်ဖို့ အားထုတ်မှုတခုအဖြစ် **‘ISP နှင့်အတူ မိနစ် ၃၀’** အစီအစဉ်ကို စတင်ချင်တာပါ။ မြန်မာနိုင်ငံမှာ လွတ်လပ်စွာကွဲလွဲမှုနဲ့ အမြင်မတူညီမှုအပေါ် သည်းခံနိုင်စွမ်းကိုအားပေးတဲ့၊ သုတေသနအခြေခံတဲ့၊ အများပြည်သူလူထုရဲ့အကျိုးစီးပွားကို မျက်ခြည်မပြတ်တဲ့ သိမှုဝန်းကျင် (epistemic community) တရပ် ပေါ်ထွန်းရေးကို တထောင့်တနေရာကနေ ထမ်းဆောင်ချင်လို့ပါပဲ။ **ဒီအစီအစဉ်ဟာ စည်းရုံးသွေးဆောင်ဖို့ထက် မျှဝေဖို့ကို ပိုအားထုတ်ပါတယ်။ သုတေသနတွေ့ရှိထားသမျှကို ရိုးရိုးသားသား တင်ပြမယ်၊ သိလိုစိတ်ကို နှိုးဆွမယ်။ ဒီလိုဆောင်ရွက်ရာမှာ လက်ခံယုံကြည်ထားတာတွေကို မပြောင်းမလဲ အခိုင်အခံ့ပြုတာထက် လက်ခံယုံကြည်ထားတာတွေကို တဆင့်ထက်တဆင့် မြင့်သထက်မြင့် ပိုမိုကောင်းမွန်လာအောင် အားထုတ်ခြင်းဖြင့် လေ့လာသင်ယူမှုကို မြှင့်တင်ပါမယ်။ ပညာပြာသာဒ် တည်ပါမယ်။** ISP-Myanmar က ခံယူထားတဲ့ အသိပညာနဲ့ပတ်သက်လို့ တည်ကြည်မှု (integrity) ဟာ ဆိုခဲ့စေမြဲစေ၊ ရှေ့နောက်ညီစေ ဆိုတာမျိုး မဟုတ်ပါဘူး။ သိမှုအပေါ်မှာ ရိုးသားတာပါ။ သိမှုကို အချက်အလက်အထောက်အထားနဲ့ အမြဲဆန်းစစ်နေပြီး မှားရင်ပြင်၊ လိုရင်ထပ်ဖြည့်၊ အသစ်တွေ့ရှိချက်တွေကို ပေါင်းစပ်ပြီး တိုင်းပြည်အတွက် သိမှုအားကောင်းအောင် ဆောင်ရွက်ဖို့ စိတ်နှလုံးကိုဖွင့်ထားပြီး ရိုးသားတာမျိုး ဖြစ်ပါတယ်။

ဒီလို မျှော်မှန်းချက်တွေ ပေါက်မြောက်အောင်မြင်ရေးအတွက် အကြောင်းအရာပိုင်းမှာ **‘မဖြစ်မနေစောင့်ကြည့်ရမယ့်ပွဲ’** (a must-watch show) ဖြစ်ဖို့ စီစဉ်ပါမယ်။ စတိုင်မှာလည်း အချက်အလက်မပါဘဲ တမေ့တမြောကြီး လန်ဘားကျောက်တံတား လျှောက်ပြောနေလို့ မဖြစ်ပါဘူး။ ပရိသတ်ရဲ့စဉ်းစားဉာဏ်ကို အထင်သေး စော်ကားနေတာမျိုး မဖြစ်ရပါဘူး။ ရေပန်းစား၊ ပွဲဆူရေးဖြစ်ဖို့ မဟုတ်ပါဘူး။ **‘ISP နှင့်အတူ မိနစ် ၃၀’ အစီအစဉ်မှာ ပထမ ၁၅ မိနစ်က သုတေသနအချက်အလက်တွေကို တင်ပြပါမယ်။ ကျန် ၁၅ မိနစ်က စဉ်းစားဖွယ်မေးခွန်းတွေ၊ ဆက်လက်ငြင်းခုံမှုတွေအတွက် တံခါးဖွင့်ထားမှာပါ။ အရေးကြီးဆုံးကတော့ ဆွေးနွေးပွဲနားထောင်ပြီးပြန်သွားရင်၊ ရုပ်သံဖွင့်နားထောင်လိုက်လို့ အချိန် မိနစ် ၃၀ ပြည့်သွားရင် အလဟဿ ဖြစ်မသွားစေရဖို့ အာမခံပါတယ်။ စဉ်းစားတွေးတောစရာတခုခု ရသွားနိုင်အောင် ကြိုးစားအားထုတ်ပါမယ်။** ISP-Myanmar ဘက်မှာလည်း တင်ပြစရာအချက်အလက်တွေအပြည့်၊ ကပြင် ရုပ်ဝန်းသူ၊ ရုပ်ဝန်းသားတွေမှာလည်း မိနစ် ၃၀ ပြီးသွားတာနဲ့ သုံးသပ်ဆန်းစစ်ချင်စရာတွေ ပြီးမသွားဘဲ တစိမ့်စိမ့် ဆင်ခြင်ခြင်းအပြည့်နဲ့ ပြန်သွားရတာမျိုးကို ထိုက်ထိုက်တန်တန် အကျိုးဖြစ်စေချင်ပါတယ်။

ဒီအစီအစဉ်သစ်မှာပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။